**MPRL E&P Pte Ltd.**

<u>သတင်းထုတ်ပြန်ချက်</u>

<u>ချက်ချင်းထုတ်ပြန်ရန်</u>

# Petroleum Fiscal Systems အလုပ်ရုံဆွေးနွေးပွဲတွင်ကျင်းပ

၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်၊ ရန်ကုန် - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် တက်ကြွစွာပါဝင်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P Pte. Ltd., တို့ပူးပေါင်း၍ Petroleum Fiscal Systems အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်တွင် ယနေ့ကျင်းပပြုလုပ်ခဲ့သည်။

တစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနအသီးသီးမှ အစိုးရအရာရှိများ၊ နိုင်ငံခြားရေနံကုမ္ပဏီများ၊ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ( ၁၂၆ ) ဦးတက်ရောက် ဆွေးနွေးခဲ့ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် MPRL E&P မှ Group General Manager ဦးမျိုးတင်တို့က အမှာစကားများ အသီးသီး ပြောကြားခဲ့ပါသည်။

ထို့နောက် Petroleum Fiscal Systems များနှင့် စပ်လျဉ်းပြီး Performance Compensation Contract (PCC), Improved Petroleum Recovery Contract (IPR) များအကြောင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံရေး) ဦးသန်းမင်းနှင့် ဒုတိယညွှန်ကြားရေးမှူး (ဥပဒေ) ဦးအောင်မြတ်စိုးတို့က ရှင်းလင်းပြောကြားခဲ့ကြသည်။

84-85 Hlaing Myint Moh Lane #1, 10th Quarter, Hlaing Township, Yangon, Myanmar
Tel : ( 95-1 ) 521 471, 521 472, 521 473, 521 461, 521 462 / Fax : ( 95-1 ) 521 156
email : mprlstaff@mprlnet.com.mm

MPRL E&P မှ လက်ထောက်ဘဏ္ဍာရေးအရာရှိချုပ် ဦးဇော်လွင်ကလည်း Petroleum Fiscal Systems နှင့် စပ်လျဉ်းပြီး Performance Compensation Contract (PCC) အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ မွန်းလွဲပိုင်းတွင် Petroleum Fiscal Systems များဖြစ်ကြသော Production Sharing Contract (PSC), Improved Petroleum Recovery Contract (IPR) များအကြောင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးသန်းမင်း၊ ဦးဟန်ထွန်း၊ ဒေါ်ညွန့်ညွန့်လွင်တို့က Case Study အဖြစ်လက်တွေ့ တွေ့ကြုံနေရသည် အခြေအနေများကို ဆွေးနွေးခြင်း၊ Performance Compensation Contract (PCC) အကြောင်းကို MPRL E&P မှ ဦးဇော်လွင်က Case Study Wrokshop အဖြစ်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ထို့နောက်တွင် တက်ရောက်လာသူများက အောက်ဖော်ပြပါအကြောင်းအရာများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းခဲ့ကြပါသည်။

၁။ ဦးဟန်ထွန်း (ညွှန်ကြားရေးမှူး ပစ္စည်းစီမံ – MOGE) မှ ရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ ပစ္စည်းများတင်သွင်းခြင်းဆိုင်ရာ Logistics Issue များအနေဖြင့် Investment Item နှင့် Drawback Item များအား အခွန်သတ်မှတ်ကောက်ခံခြင်းများနှင့် Bonded Warehouse ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ စဉ်းစားပေးရန် အချက်များအား တင်ပြဆွေးနွေးခဲ့ရာတွင် အကောက်ခွန်ဦးစီးဌာနမှညွှန်ကြားရေးမှူး၊ ဒေါ်စိုးစိုးလွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးသန်းဆွေတင့်တို့မှ အကောက်ခွန်မူဝါဒဆိုင်ရာများကို ပြန်လည်ဖြေရှင်း ဆွေးနွေးခဲ့ကြပါသည်။

၂။ ဦးဟန်ထွန်း (ညွှန်ကြားရေးမှူး ပစ္စည်းစီမံ – MOGE) မှ ဆက်လက်၍ စားသောက်ကုန် ပစ္စည်းများအား တင်သွင်းမှုနှင့် စပ်လျဉ်းသည့် အခက်အခဲများအား တင်ပြဆွေးနွေးရာ ပြည်တွင်းအခွန်များဦးစီးဌာနမှညွှန်ကြားရေးမှူး၊ ဒေါ်မြမြဦးမှ ပြန်လည် ဆွေးနွေးခဲ့ပါသည်။

၃။ ဆက်လက်၍ ဦးသန်းမင်း (ညွှန်ကြားရေးမှူး –MOGE) မှ Crude Oil Transportation နှင့်စပ်လျဉ်း၍ ယာယီသိုလှောင်ကန်တွင် Import Permit ကိုအသုံးပြုရခြင်းဖြင့် ပေးဆောင်ရသည့် အခွန်ကိစ္စများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလျဉ်းသင့်သလို ရှင်းလင်းပေးပါရန် ဆွေးနွေးခဲ့ပါသည်။

၄။ ဒေါ်ညွန့်ညွန့်လွင် ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး၊ MOGE) မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် MOGE အကြား ကြုံတွေ့နေရသော၊ Commercial Tax ပေးဆောင်ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်မြမြဦးက ပြန်လည်ဆွေးနွေးရာတွင်Commercial Tax နှင့်ပတ်သက်၍ မူဝါဒများဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်နေပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အားလုံးပူးပေါင်း၍ ညှိနှိုင်းဆွေးနွေး အဖြေရှာရန်လိုအပ်ကြောင်း ပြန်ကြား ဆွေးနွေးခဲ့ပါသည်။

၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ သူရဦးသောင်းလွင်က သုံးသပ်ဆွေးနွေးပြောကြားရာတွင်၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရမည့်အပိုင်းများပါဝင်သဖြင့် အထက်အဆင့်ဝန်ကြီး ဌာနအချင်းချင်း ညှိနှိုင်းဆွေးနွေးသွားရန် လိုအပ်ကြောင်းတင်ပြရာတွင် အကြောင်းအကျိုးပြည့်စုံစွာ ဖော်ပြရန် အလားတူကိစ္စများအား အိမ်နီးချင်းနိုင်ငံများတွင် ဖြေရှင်းဆောင်ရွက်ပုံများနှင့် ပူတွဲတင်ပြလျှင် ဆွေးနွေးဆုံးဖြတ်ရန် လွယ်ကူမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပါသည်။

Petroleum Fiscal Systems အလုပ်ရုံဆွေးနွေးပွဲကို (၁၆:၀၀) နာရီတွင် အောင်မြင်စွာပိတ်သိမ်းလိုက်ပြီး အဆိုပါဆွေးနွေးပွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်ယူရေးနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် ထုတ်လုပ်မှုခွဲဝေရေးဆိုင်ရာများကို တက်ရောက်သူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

မီဒီယာများ မေးမြန်းလိုပါက

(၁) ဦးကျော်ဇင်ထွန်း
သတင်းပြန်ကြားရေးအရာရှိ
**MPRL E&P Pte Ltd.**
မိုဘိုင်း –၀၉ ၇၉၉ ၁၃၄ ၂၅၆
**kyaw.z.htun@mprlexp.com**